ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ ၂ /၂၀၂၀

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ ၄ ရက်

အကြောင်းအရာ။ **ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေများကို အသိပေးကြေညာခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းအရည်အသွေးမြင့်ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ရန်အတွက်လည်းကောင်း၊ ပြည်ပဈေးကွက်ပိုမိုရရှိရန်အတွက်လည်းကောင်း၊ ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိရန်အတွက်လည်းကောင်း ရည်ရွယ်၍ နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်ပစ္စည်းအုပ်စု(၇)မျိုးကို လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များဖြင့် ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ ပြည်ပသို့တင်ပို့ခွင့်ပြုကြောင်းကို အမိန့်ကြော်ငြာစာအမှတ် ၂၄/ ၂၀၁၉ ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ ပြည်ပသို့တင်ပို့ခွင့်ပြုခဲ့သည့် ကုန်ပစ္စည်းအုပ်စု(၇)မျိုးတွင် **တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ** ပါဝင်ပြီး အဆိုပါကုန်စည်များကို ပြည်ပသို့တင်ပို့မည့် နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် ရှင်းလင်းစွာသိရှိဆောင်ရွက်နိုင်ရန်အတွက် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေများကို ပူးတွဲပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို ပြည်ပသို့တင်ပို့ခွင့်ပြုသည့် တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများဖြစ်သည့် ပဲမျိုးစုံပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်နိုင်သော အခြေအနေများ

| စဉ် | သီးနှံအမျိုးအစား | တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သောအခြေအနေများ | အင်္ဂလိပ်အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပဲစဉ်းငုံ<br>Pigeon Peas<br>or<br>Toor hole | (က) သန့်စင်ပြီးအခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီးအခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီးအခွံပါအလုံး<br>(ဃ) သန့်စင်ပြီးအခွံပါအခြမ်း<br>(င) အမှုန့်(အစိမ်း/အလှော်)<br>(စ) စည်သွပ်ဘူးဖြင့်ထုတ်ပိုးခြင်း<br>(ဆ) အသင့်စားသုံးရန်ထုပ်ပိုးခြင်း | Cleaned Dehulled(whole)<br>Cleaned Dehulled(split)<br>Cleaned Whole with skin<br>Cleaned split with skin<br>Flour(Original/Roasted)<br>Canned Pigeon Peas<br>Ready to Eat Packed | |
| ၂ | ပဲတီစိမ်း<br>Moong beans<br>or<br>Green mung bean | (က) သန့်စင်ပြီးအခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီးအခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီးအခွံပါအလုံး<br>(ဃ) သန့်စင်ပြီးအခွံပါအခြမ်း<br>(င) အမှုန့်ကြိတ်ခြင်း<br>(စ) အသင့်စားသုံးရန်ထုပ်ပိုးခြင်း | Cleaned Dehulled(whole)<br>Cleaned Dehulled(split)<br>Cleaned Whole with skin<br>Cleaned split with skin<br>Flour<br>Ready to Eat Packed | |
| ၃ | မတ်ပဲ<br>Black gram<br>Or Urad | (က) သန့်စင်ပြီးအခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီးအခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီးအခွံပါအလုံး<br>(ဃ) သန့်စင်ပြီးအခွံပါအခြမ်း<br>(င) အမှုန့်ကြိတ်ခြင်း<br>(စ) စည်သွပ်ဘူးဖြင့်ထုပ်ပိုးခြင်း<br>(ဆ) အသင့်စားသုံးရန်ထုပ်ပိုးခြင်း | Cleaned Dehulled (whole)<br>Cleaned Dehulled (split)<br>Cleaned Whole with skin<br>Cleaned split with skin<br>Flour<br>Canned Black gram<br>Ready to Eat Packed | |
| ၄ | မြေပဲ<br>Peanut or<br>groundut | (က)မြေပဲဆံအဖြစ် အသင့်စားသုံးရန် ထုပ်ပိုးခြင်း<br>(ခ) စည်သွပ်ဘူးဖြင့် ထုပ်ပိုးခြင်း | Ready to Eat Packed<br>Canned Peanut | |
| ၅ | ထောပတ်ပဲ<br>Butter Beans | (က)သန့်စင်ပြီးအခွံချွတ် (အလုံး)<br>(ခ) သန့်စင်ပြီးအခွံချွတ် (အခြမ်း)<br>(ဂ) သန့်စင်ပြီးအခွံပါအလုံး<br>(ဃ) သန့်စင်ပြီးအခွံပါအခြမ်း | Cleaned Dehulled (whole)<br>Cleaned Dehulled (split)<br>Cleaned Whole with skin<br>Cleaned split with skin | |

| | | | | |
|---|---|---|---|---|
| | | (င)စည်သွပ်ဘူးဖြင့် ထုပ်ပိုးခြင်း | Canned Butter Beans | |
| ၆ | အခြားပဲအမျိုးအစားများ<br>Other pulses and Beans | (က)သန့်စင်ပြီးအခွံချွတ် (အလုံး)<br>(ခ) သန့်စင်ပြီးအခွံချွတ် (အခြမ်း)<br>(ဂ) သန့်စင်ပြီးအခွံပါအလုံး<br>(ဃ) သန့်စင်ပြီးအခွံပါအခြမ်း<br>(င) အမှုန့်ကြိတ်ခြင်း<br>(စ)အသင့်စားသုံးရန် ထုပ်ပိုး ခြင်း | Cleaned Dehulled (whole)<br>Cleaned Dehulled (split)<br>Cleaned Whole with skin<br>Cleaned split with skin<br>Flour<br>Ready to Eat Packed | |
| ၇ | ပြောင်း<br>(က) အစေ့ထုတ် ပြောင်း<br>Maize | (က) သန့်စင်ပြီးပြောင်းဆံ<br>(ခ) ပြောင်းဖူးကြွကာ<br>(ဂ) ပြောင်းအမှုန့်<br>(ဃ)ပြောင်းအမှုန့်(ကဆီဓာတ် သီးသန့်)အသင့်စားသုံးရန် ထုပ်ပိုးခြင်း | Cleaned Maize Kernel<br>Corn Flake<br>Corn Flour<br>Corn Starch<br>(Ready to Eat Packed) | |
| | (ခ) နှံစားပြောင်း<br>Millet | တိရိစ္ဆာန်စာအဖြစ် ထုပ်ပိုးထားခြင်း | Feed for Animals | |
| ၈ | နှမ်း<br>Sesame | (က) နှမ်းအမှုန့်<br>(ခ) နှမ်းလှော်မှုန့်<br>(ဂ) အခွံချွတ်နှမ်း | Sesame Flour<br>Roasted Sesame Flour<br>Dehulled Kernel | |

မှတ်ချက်။ အထက်ပါ ပဲမျိုးစုံ၊ ပြောင်း၊နှမ်းတို့မှတစ်ဆင့်မြင့် ပြုပြင်ထားသော ထုတ်ကုန်များ အပြင် အခြားသောတန်ဖိုးမြင့် ထုတ်ကုန်များလျှောက်ထားလာပါကလည်း စိစစ်ခွင့် ပြုပေးသွားမည်ဖြစ်ပါသည်။